# အယူခံဝင်ခြင်းဆိုင်ရာ လက်ကမ်းစာစောင်

# (Fair Hearing Brochure)

Washington ပြည်နယ်

Supplemental Nutrition Program For Women, Infants and Children (WIC)

Washington WIC Program

DOH 962-105 November 2023 Burmese

# အယူခံဝင်ခြင်းဆိုသည်မှာ အဘယ်နည်း။

အယူခံဝင်ခြင်းဆိုသည်မှာ တရားခွင်တွင် အယူခံဝင်ခြင်းဖြစ်သည်။ အယူခံဝင်ရာတွင် သင်မှ သင့်အကြောင်းအရာကို တရားသူကြီးထံ ပြောပြရမည်ဖြစ်သည်။တရားသူကြီးသည် Washington WIC Program (WIC, အမျိုးသမီးများ၊ မွေးကင်းစနှင့် ကလေးများ) အစီအစဉ်ဖက်မှ မဟုတ်ပါ။ တရားသူကြီးမှ WIC အစီအစဉ်မှ သင့်အား မျှတစွာ ဆက်ဆံမှု ရှိမရှိကို ဆုံးဖြတ်ပေးမည်ဖြစ်သည်။

## အယူခံဝင်ခြင်းကို တောင်းဆိုရန်အတွက် အကြောင်းပြချက်များမှာ အဘယ်နည်း။

WIC မှ အောက်ပါအကြောင်းအရာများပြုလုပ်ပါက သင့်အနေဖြင့် အယူခံဝင်ရန် တောင်းဆိုနိုင်ပါသည်။

- အကြောင်းပြချက်မပေးဘဲ သင်မှာ အစီအစဉ်အတွက်အရည်အချင်းမပြည့်မီဟုယူဆလျှင် သင်မှာ သူတို့ မှားယွင်းနိုင်သည်ဟု ထင်လျှင်
- အစီအစဉ်မှ သင့်ကို ဖယ်ထုတ်ပြီး သင်မှာ ဤသည်မှာ တရားမျှတမှုမရှိဘူးထင်လျှင်
- အစီအစဉ်အတွက် သင့်ကို ငွေပေးရန် တောင်းခံလျှင်

## အယူခံဝင်ခြင်းကို တောင်းဆိုရန်အတွက် မည်သို့ပြုလုပ်ရမည်လား။

သင်သည် အယူခံဝင်ခြင်း တောင်းဆိုမှု ပုံစံကို ဖြည့်စွက်ပါ သို့မဟုတ် စာတစ်စောင်ရေးပြီး ဤလိပ်စာသို့ ပေးပို့ပါ-

Department of Health
Adjudicative Service Unit
P. O. Box 47879
Olympia, WA 98504-7879

စာတွင် သင့်အမည်၊ သင့်လိပ်စာနှင့် WIC ဆေးခန်းအမည်နှင့် သင့်အယူခံဝင်လိုသည့်အကြောင်းအရာကို ထည့်ပေးရမည်ဖြစ်သည်။ သင့်အနေဖြင့် စကားပြန်လိုအပ်ပါက ကျွန်ုပ်တို့ကို အသိပေးပါ။

## အယူခံဝင်ခြင်းကို တောင်းဆိုရန်အတွက် အချိန်ကန့်သတ်ချက်ရှိပါသလား။

ရှိပါသည်။ သင့်တွင် WIC အတွက် အရည်အချင်းမပြည့်မီခြင်း၊ WIC မှ သင်အား ဖယ်ရှားခြင်း သို့မဟုတ် အစီအစဉ်သို့ ငွေပြန်ပေးရမည်ဟူသော စာပါသည့်နေ့မှစ၍ အယူခံဝင်ခြင်းကို တောင်းဆိုရန်အတွက် သင့်တွင် ရက် 60 ရှိသည်။

## WIC ၏ အစားအစာ အကျိုးခံစားခွင့်များကို ကျွန်ုပ် ဆက်လက် ရရှိမည်လား။

သင်သည် WIC အတွက် အရည်အချင်းပြည့်မီဆဲ ကာလတွင် ရှိနေသေးပြီး WIC အစီအစဉ်မှ ထုတ်ပယ်ခြင်းခံရသည့် နေ့ရက်မှ 15 ရက်အတွင်း တရားမျှတသော ကြားနာမှုကို တောင်းဆိုပါက WIC အစားအသောက် အကျိုးခံစားခွင့်များ**<u>ရရှိနိုင်ခြေရှိပါ</u>**သည်။Z

သင်၏ အရည်အချင်းပြည့်မီသော အချိန်ကာလ ကုန်ဆုံးသွားပါက အစားအစာ အကျိုးခံစားခွင့်များ **ရရှိမည်မဟုတ်ပါ။**

သင့်အား WIC အစီအစဉ်မှ ဖယ်ရှားခြင်းခံရသည်ဟုဆိုသော စာပါသည့်နေ့မှ 15 ရက်အတွင်း တရားမျှတသော ကြားနာမှုကို မတောင်းဆိုပါက အစားအစာ အကျိုးခံစားခွင့်များ ရရှိမည်မဟုတ်ပါ။

## အယူခံဝင်ခြင်းကို တောင်းဆိုပါက ကျွန်ုပ်၏ ရပိုင်ခွင့်များမှာ အဘယ်နည်း။

- သင့်အယူခံဝင်ခြင်းတောင်းဆိုသည့်နေ့မှ စတင်ပြီး 21 ရက်အတွင်း အယူခံဝင်ခြင်းကို ပြုလုပ်ပေးပါမည်။ အယူခံဝင်ခြင်းမစတင်မီအနည်းဆုံး 10 ရက်အလိုတွင် အယူခံဝင်ရန် အကြောင်းကြားစာ ရောက်လာပါလိမ့်မည်။
- သင်နေထိုင်သောနေရာနှင့် နီးသောနေရာတွင်သာ အယူခံဝင်ရန်အတွက် ပြုလုပ်ထားပါမည်။
- တရားရေးရာအကူအညီအပါအဝင် သင်ကို ကူညီရန်အတွက် လူများခေါ်လာနိုင်ပါသည်။
- သင်နှင့်သင့်အား အကူအညီပေးမည့်သူများသည် အယူခံဝင်ရေးတွင် WIC အစီအစဉ် မှ တင်ပြမည့်မှတ်တမ်းများကို ကြည့်ရှုနိုင်သည်။

**အယူခံဝင်ခြင်းအတွက် မသွားရောက်နိုင်ပါက မည်သို့ပြုလုပ်နိုင်မည်နည်း။**

အယူခံဝင်သည့် နေရာသို့ မသွားနိုင်ပါကထိုအချိန်မတိုင်မီတရားသူကြီးအား အသိပေးရမည်။ အယူခံဝင်ရန် နေ့အသစ်ပြန်လည် သတ်မှတ်ပေးပါလိမ့်မည်။

**အယူခံဝင်ရာတွင် မည်သို့ဖြစ်နိုင်သနည်း**

- တရားသူကြီးမှ မျှတသော တရားရေးရာ အယူခံဝင်ခြင်းကို ပြုလုပ်ပေးမည်ဖြစ်သည်။
- တရားသူကြီးသည် သင်နှင့် WIC ဝန်ထမ်းများပြောစရာရှိသမျှကို နားထောင်ပေးမည်ဖြစ်သည်။ တရားသူကြီးမှ သင်အတွက် တရားမျှတရေးကို သေချာဆောင်ရွက်ပေးမည်ဖြစ်သည်။
- သင်သည် မေးခွန်းများမေးနိုင်ပြီး အချက်အလက်၊ သက်သေများ သို့မဟုတ် အခြားအထောက်အထားများကို တင်ပြနိုင်သည်။
- သင် သို့မဟုတ် သင့်ကလေးသည် WIC အတွက် အရည်အချင်းပြည့်မီသင့်သည်ဟု သင်ထင်မြင်ရသည့် အကြောင်းရင်း၊ ပရိုဂရမ်တွင် သင် အဘယ်ကြောင့် ဆက်ရှိနေသင့်သည်၊ သို့မဟုတ် အစီအစဉ်အတွက် အဘယ်ကြောင့် ငွေပြန်မပေးရသင့်ကြောင်း သင်ရှင်းပြနိုင်သည်။
- တရားသူကြီးသည် သင်အနေဖြင့် WIC အတွက် အရည်အချင်းပြည့်မီသင့်သည် သို့မဟုတ် အစီအစဉ်တွင် ဆက်နေနိုင်သည် သို့မဟုတ် WIC ပရိုဂရမ်သို့ ငွေပြန်ပေးရမည်ကို အထောက်အထားများအပေါ် အခြေခံ၍ ဆုံးဖြတ်ပေးမည်ဖြစ်သည်။
- တရားသူကြီးသည် သင် အယူခံဝင်ရန် တောင်းဆိုသည့်အချိန်မှ 45 ရက်အတွင်း စာဖြင့် အဆုံးအဖြတ်ပေးရမည်။ တရားသူကြီး၏ အဆုံးအဖြတ်ပေးစာကို မေးလ်ဖြင့် လက်ခံရရှိမည်ဖြစ်သည်။ ထိုအဆုံးအဖြတ်ပေးစာတွင် ပြန်လည်သုံးသပ်ရန်အတွက် တောင်းဆိုချက်တစ်ခု ဟုခေါ်သော သတိပေးစာတစ်ခု ပါဝင်မည်ဖြစ်သည်။

**တရားသူကြီး၏ ဆုံးဖြတ်ချက်ကို သဘောမတူရင် ဘာဖြစ်နိုင်သနည်း။**

ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် Department of Health(ကျန်းမာရေးဌာန)၏ အတွင်းရေးမှူးထံ မေးမြန်းနိုင်ပါသည်။

ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တောင်းဆိုစာကို ဖြည့်ပြီး Department of Health, Adjudicative Service Unit သို့ စာပို့ပါ။ ဆုံးဖြတ်ချက်ပေးသည့်နေ့မှ 15 ရက်အတွင်း ၎င်းကို သင်လုပ်ဆောင်ရပါမည်။

Department of Health ၏ အတွင်းရေးမှူးမှ အောက်ပါအကြောင်းပြချက်များအတွက် ဆုံးဖြတ်ချက်ကို ပြန်လည်ပြောင်းနိုင်သည်။

- ဥပဒေအရ အမှားအယွင်းရှိနေပါက
- အယူခံဝင်ခြင်းကို ကောင်းစွာ မလုပ်ဆောင်ခဲ့ပါက
- တရားသူကြီးမှ ပြတ်သားသော လမ်းညွှန်ချက်များ မပေးခဲ့ပါက
- ဆုံးဖြတ်ချက်အား ခိုင်လုံသော သက်သေပြရန် လုံလောက်သော အထောက်အထား မရှိခဲ့ပါက

အတွင်းရေးမှူး၏ ဆုံးဖြတ်ချက်ကို တရားရုံးမှ ပြန်လည်စစ်ဆေးရန် သင့်တွင် အခွင့်အရေးရှိသည်။ အတွင်းရေးမှူး၏ ရေးစာဖြင့် ဖော်ပြသော ဆုံးဖြတ်ချက်တွင် တရားရုံးပြန်လည်သုံးသပ်ရန်အတွက် မည်ကဲ့သို့ တောင်းဆိုရမည်ကို လမ်းညွှန်ချက်များ ပါဝင်မည်ဖြစ်သည်။

**သင့်တွင် အယူခံဝင်ခြင်းများနှင့်ပတ်သက်၍ မေးခွန်းများရှိပါက သင့်အနီးအနားရှိ WIC ဆေးခန်း သို့မဟုတ် ပြည်နယ်ဆိုင်ရာ WIC ရုံးသို့ ခေါ်ဆိုပါ။ ပြည်နယ်ရုံး ကောက်ခွန် အခမဲ့ ဖုန်းနံပါတ် 1-800-841-1410 ဖြစ်သည်။**

အယူခံဝင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် Federal WIC Program Regulations (ဖယ်ဒရယ် WIC အစီအစဉ် စည်းကမ်းချက်များ) အပိုင်း 7CFR 246.9နှင့် Washington Administrative Code (ဝါရှင်တန် အုပ်ချုပ်ရေးဥပဒေ) 246-10 နှင့် 246-08-520 တို့ကို အခြေခံထားသည်။

**ကာကွယ်ရေး နှင့် လူထုကျန်းမာရေးဌာနခွဲ**
**အစာအာဟာရဆိုင်ရာ ဝန်ဆောင်မှုများ ရုံး**
**Washington WIC**

## ဝါရှင်တန် WIC သည် ခွဲခြားဆက်ဆံခြင်း မရှိပါ။

ဖက်ဒရယ် ပြည်သူ့အခွင့်အရေးဥပဒေနှင့် U.S. Department of Agriculture (USDA, အမေရိကန် စိုက်ပျိုးရေးဌာန) ပြည်သူ့အခွင့်အရေးဆိုင်ရာ စည်းမျဉ်းများနှင့် မူဝါဒများအရ ဤအဖွဲ့အစည်းသည် လူမျိုး၊ အသားအရောင်၊ မိခင်နိုင်ငံ၊ လိင် (ကျား၊မ ခံယူမှုနှင့် လိင်စိတ်တိမ်းညွတ်မှု)၊ မသန်စွမ်းမှု၊ အသက်အရွယ်တို့အပေါ် အခြေခံကာ ခွဲခြားဆက်ဆံခြင်း သို့မဟုတ် ယခင်က ပြည်သူ့အခွင့်အရေး လှုပ်ရှားမှုအတွက် လက်တုံ့ပြန်ခြင်း သို့မဟုတ် ကလဲ့စားချေခြင်းတို့ကို တားမြစ်ထားပါသည်။

ပရိုဂရမ်နှင့်သက်ဆိုင်သောအချက်အလက်များကို အင်္ဂလိပ်ဘာသာစကားအပြင် အခြားဘာသာစကားများဖြင့်လည်း ရရှိနိုင်ပါသည်။ ပရိုဂရမ်နှင့်သက်ဆိုင်သောအချက်အလက်များကို ရယူရာတွင် အခြားသောဆက်သွယ်ရေးနည်းလမ်းများ (ဥပမာ - မျက်မမြင်စာ၊ စာလုံးကြီး၊ အသံတိပ်ခွေ၊ အမေရိကန် လက်ဟန်သင်္ကေတပြ သာသာစကား) ကိုလိုအပ်သော မသန်စွမ်းသူများသည် တာဝန်ရှိသောပြည်နယ် သို့မဟုတ် ထိုပရိုဂရမ်ကို တာဝန်ယူလုပ်ကိုင်နေသော ပြည်တွင်းအေဂျင်စီ သို့မဟုတ် USDA ၏ Technology & Accessible Resources Give Employment Today Center (TARGET Center၊ ယနေ့အလုပ်အကိုင် ခန့်အပ်ခြင်းဆိုင်ရာ နည်းပညာနှင့် ရရှိနိုင်သော အရင်းအမြစ်များ စင်တာ) ၏ ဖုန်းနံပါတ် (202) 720-2600 (အသံနှင့် TTY) တို့ကိုလည်းကောင်း၊ Federal Relay Service (ဖက်ဒရယ်တစ်ဆင့်ခံဆားဗစ်) ၏ ဖုန်းနံပါတ် (800) 877-8339 မှတစ်ဆင့် USDA သို့လည်းကောင်း ဆက်သွယ်နိုင်ပါသည်။♀◘
ပရိုဂရမ်တွင် ခွဲခြားဆက်ဆံမှုတစ်ခုကို တိုင်ကြားလိုပါက တိုင်ကြားလိုသူသည် ဖောင် Form AD-3027 (AD-3027ပုံစံ)၊ USDA Program Discrimination Complaint Form (USDA ပရိုဂရမ်ခွဲခြားဆက်ဆံမှုတိုင်ကြားရေးဖောင်) ဟူသောဖောင်ကိုဖြည့်ရပါမည်။ ထိုဖောင်ကို အွန်လိုင်းမှ ရယူရန်- https://www.usda.gov/sites/default/files/documents/ad-3027.pdf တွင် လည်းကောင်း၊ မည်သည့် USDA ရုံးကိုမဆို သွားရောက်၍သော်လည်းကောင်း၊ (866) 632-9992 ကို ဖုန်းခေါ်ဆို၍သော်လည်းကောင်း၊ သို့မဟုတ် USDA သို့လိပ်မူ၍ စာတစ်စောင်ရေးသား၍သော်လည်းကောင်း ရယူနိုင်ပါသည်။ စွဲဆိုထားသော ပြည်သူ့အခွင့်အရေးချိုးဖောက်မှု၏ သဘောသဘာဝနှင့် နေ့စွဲကို Assistant Secretary for Civil Rights (ASCR၊ ပြည်သူ့အခွင့်အရေးဆိုင်ရာ လက်ထောက်အတွင်းဝန်)ကို အသိပေးနိုင်ရန်အတွက် စာတွင် တိုင်ကြားသူ၏ အမည်၊ လိပ်စာ၊ တယ်လီဖုန်းနံပါတ်တို့အပြင် စွဲဆိုထားသော ခွဲခြားဆက်ဆံမှုအကြောင်း အသေးစိတ် ရှင်းလင်းဖော်ပြချက်များ လုံလောက်စွာ ပါရှိရပါမည်။ ဖြည့်စွက်ပြီးသော AD-3027 ဖောင် သို့မဟုတ် စာကို USDA သို့ အောက်ပါနည်းလမ်းများဖြင့် ပေးပို့ရပါမည် -

1. **စာတိုက်မှတစ်ဆင့်-**
   U.S. Department of Agriculture
   Office of the Assistant Secretary for Civil Rights
   1400 Independence Avenue, SW
   Washington, D.C. 20250-9410 သို့မဟုတ်
2. **ဖက်စ်မှတစ်ဆင့်-**
   (833) 256-1665 (သို့) (202) 690-7442 သို့မဟုတ်
3. **အီးမေးလ်ဖြင့် -**
   program.intake@usda.gov

ဤအဖွဲ့အစည်းသည် အခွင့်အရေး သာတူညီမျှပေးသော အဖွဲ့အစည်း ဖြစ်ပါသည်။
ဝါရှင်တန် WIC သည် ခွဲခြားဆက်ဆံခြင်း မရှိပါ။
ဤစာရွက်စာတမ်းကို အခြားပုံစံတစ်ခုဖြင့် ရယူလိုပါက 1-800-841-1410 ကိုဖုန်းခေါ်ပါ။ နားမကြားသူများနှင့် အကြားအာရုံချို့ယွင်းနေသည့် သုံးစွဲသူများအနေဖြင့် 711 (Washington Relay) သို့ဖုန်းခေါ်ပေးပါ သို့မဟုတ် WIC@doh.wa.gov သို့ သို့အီးမေးလ်ပို့ပေးပါ။

Washington State Department of HEALTH

WIC WASHINGTON

DOH 962-105  November 2023 Burmese